ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၃/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၆) ရက်

အသိအမှတ်မပြုကြောင်းကြေညာခြင်း

(၁)အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့အုပ်ချုပ်မှုအာဏာတည်မြဲရေးအတွက် တိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒကိုဖျက်ကွယ်ပြုပြီး တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်း၊ အခြေခံပညာကျောင်းများကို အဓမ္မဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသည်။

(၂) ထိုသို့ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆရာ၊ဆရာမ၊ပညာရေးဝန်ထမ်းများကို အဓမ္မ စီစဉ်ညွှန်ကြားခိုင်းစေလျက်ရှိပြီး အာဏာရှင်စနစ်အတွက် အသုံးချခံ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

(၃) ယနေ့ကမ္ဘာကြီးသည် တန်ဖိုးရှိလှသော အရည်အသွေးပြည့်မီသည့် ပညာရေးစနစ်မှ မွေးထုတ်ပေးမည့် လူသားအရင်းအမြစ်များကို လိုအပ်လျက်ရှိသည်ဖြစ်ရာ အာဏာသိမ်းအကြမ်းဖက် စစ်အုပ်စုမှ ဖွင့်လှစ်မည့် ကျောင်းများသို့ ပညာရေးဝန်ထမ်းများအားလုံးနှင့် ကျောင်းသား၊ကျောင်းသူများ အားလုံး လုံးဝ (လုံးဝ) တက်ရောက်ခြင်းမပြုကြရန် ဖြစ်သည်။

(၄) ပညာရေးဝန်ကြီးဌာနသည် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် အခြေခံအုတ်မြစ် ဖြစ်သော၊ တိုင်းရင်းသားပြည်သူများလိုလားသော၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို ရှေ့ရှုသည့် ဖက်ဒရယ်ဒီမိုကရေစီပညာရေးစနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။

(၅)နိုင်ငံတော်၏ အဖိုးတန်လှသော တိုင်းရင်းသားလူငယ်များအားလုံး၏ ပညာသင်ယူခွင့် အခွင့်အလမ်းမဆုံးရှုံးစေရေးအတွက်လည်းကောင်း၊ နည်းမျိုးစုံဖြင့် အာဏာရှင်ကျဆုံးရေးအတွက် ကြိုးပမ်းနေကြသော သူရဲကောင်းလူငယ်များအားလုံးအတွက်လည်းကောင်း ကြားကာလပညာသင်ကြားရေး အစီအစဉ်တစ်ရပ်ကို လျင်မြန်စွာအကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးစားနေပါသည်။

(၆) တိုင်းရင်းသားပြည်သူများ၏ အဓိကလိုလားချက်ပန်းတိုင်ကို ဖျက်ခြေမပြတ်စေတဲ့ နည်းလမ်းမျိုးစုံနှင့် လူ့စွမ်းအားအရင်းအမြစ်များကို အသုံးချပြီး ကြားကာလပညာသင်ကြားရေး အစီအစဉ်တစ်ရပ်ကို မကြာမီထုတ်ပြန် ကြေညာပေးသွားမည် ဖြစ်သည်။

(၇) အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စုမှ ပေးအပ်သော ဘွဲ့၊ဒီဂရီလက်မှတ်များအားလုံးကို အမျိုးသား ညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လုံးဝ(လုံးဝ) အသိအမှတ်ပြုမည် မဟုတ်ကြောင်း ကြေညာလိုက်သည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ